ဒီပဲယင်းမြို့နယ်၊ ကြူတောကျေးရွာ



ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြူတောကျေးရွာ၊ ဒီပဲယင်းမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။

၂၀၁၉ ခုနှစ်၊ ဧပြီ လ

မာတိကာ

စာမျက်နှာ

စကားချီး ၁၂

ကြူတောကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဒီပဲယင်းမြို့နယ် ၃

(၁) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၄

(က) နိဒါန်း ၄

(ခ) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက် ၄

(ဂ) အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု ၅

(ဃ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၅၊၆

(၂) ပထဝီဝင် အနေအထားနှင့် သဘာဝ အရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၆

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၆

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၆

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၆၊၇

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၇

(ဃ) ကျန်းမာရေးနှင့် အာဟာရ ၇၊၈

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၈

(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၈

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၈၊၉

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၉

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၉၊၁၀

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု ၁၀

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၀၊၁၁

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၁

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၁

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု–လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး ၁၁၊၁၂

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၂

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၂
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၂၊၁၃
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၃
-၂-
(၆) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၃၊၁၄
(ခ) ဦးစားပေး စီမံချက်များ ၁၄၊၁၅၊၁၆
(၇) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် ၁၆
အစီအစဉ်များ
(က) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်း ၁၆
ရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၈) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၁၆
(၉)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၁၇
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၁၈
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၁၈၊၁၉၊၂၀
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား ၂၁
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၂၂
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ၂၂
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ ၂၃
ဇယား ၇ ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၂၃၊၂၄
ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု ၂၄
အခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၂၄၊ ၂၅
ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၂၅၊၂၆
ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၂၆၊ ၂၇
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၂၇၊၂၈
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၂၈

ဇယား ၁၄	ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ	၂၉
ဇယား ၁၅	အဓိကသီးနှံများနှင့် အထွက်နှုန်း	၂၉
ဇယား ၁၆	ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု	၃၀
ဇယား ၁၇	သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ	၃၀၊၃၁
ဇယား ၁၈	သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ	၃၁၊၃၂
ဇယား ၁၉	မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ	၃၂၊၃၃
ဇယား ၂၀	မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ	၃၃၊၃၄

-၃-

ဇယား ၂၁	မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ	၃၄၊၃၅
ဇယား ၂၂	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ	၃၅၊၃၆
ဇယား ၂၃	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ	၃၆၊၃၇
ဇယား ၂၄	ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ	၃၇
ဇယား ၂၅	ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း	၃၈
ဇယား ၂၆	ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ	၃၈
ဇယား ၂၇	ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ	၃၉
ဇယား ၂၈	ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၃၉၊၄၀
ဇယား ၂၉	သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင်းနှင့် အခက်အခဲများ	၄၀၊၄၁
ဇယား ၃၀	မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း	၄၁၊၄၂
ဇယား ၃၁	ကျောင်းတက်နှုန်း	၄၂
ဇယား ၃၂	စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ	၄၃
ဇယား ၃၃	ပညာရေးအခက်အခဲနှင့် ပြဿနာများ	၄၄
ဇယား ၃၄	အဖြစ်များသောရောဂါများ	၄၄
ဇယား ၃၅	လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု	၄၅
ဇယား ၃၆	ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ	၄၅၊၄၆
ဇယား ၃၇	သောက်သုံးရေ ရရှိနိုင်မှု	၄၆၊၄၇

ဇယား ၃၈ အိမ်သာအမျိုးအစား ၄၇
ဇယား ၃၉ ကျား-မ ရေးရာ ၄၈
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၄၈၊၄၉
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ ၄၉
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး ၅၀
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၅၀
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၅၀၊၅၁
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ ၅၁
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၅၁
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၅၂

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၅၂
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည့် ၅၃
အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ(၃)စီမံချက်အဆိုပြုလွှာ ၅၄၊၅၅

စကားချီး

၁။ ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်ထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ် ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

၃။ ယခု ရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

၄။ ဤဖွံ့ဖြိုးရေးအစီစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက် အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၉ ခုနှစ် ဧပြီ လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြူတောကျေးရွာ
ဒီပဲယင်းမြို့နယ်

ကြူတောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၁) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(က) နိဒါန်း

၁။ ကြူတောကျေးရွာသည် ဒီပဲယင်းမြို့နယ်နှင့် ၁၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး အိမ်ခြေ (၁၅၁)၊ လူဦးရေ (၇၃၅) နေထိုင်လျက်ရှိပါသည်။ အဓိကစီးပွားရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြပါသည်။

(ခ) ရည်ရွယ်ချက်

၂။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

၃။ ကျွန်နုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

၄။ ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

၅။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(၈) အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

၆။ ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

၇။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

၈။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

၉။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည် ဖြစ်သည်။

၁၀။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ အနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုသေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

၁၁။ မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြစ် ၊ ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

၁၂။ နိုင်ငံတကာမိတ်ဖက်များဖြစ်သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့စည်း များနှင့် အလှူရှင် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဃ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၁၃။ ယခင်က ဖွံ့ဖြိုးရေးအစီစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်ကိုယ်တိုင် တက်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့စည်းများထံမှ ရနိုင်မည့်အကူညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

၁၄။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လုထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လုထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

၁၅။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီစဉ်ကိုအကောင်ထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်ထည် ဖော်ရာတွင် ကျွန်ုပ်တို့

ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုး ဖြစ်ပါသည်။

(၂) ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၁၆။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး၊ အဓိက အသက်မွေးလုပ်ငန်းများ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၄၀ အောက်တွင် ရရှိသော်လည်း သဖန်းဆိပ်ဆည် အဖျားတွင် ရှိသော်လည်း စိုက်ပျိုးရေး လုပ်ငန်းများတွင် များစွာ အထောက်အကူ ပြုသည်။ လယ်ယာမြေ များသည် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန် အဓိက အားထားရာ ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

၁၇။ ကျေးရွာသည် သဖန်းဆိပ်ဆည်၏ အဖျားတွင်ရှိသော်လည်း စိုက်ပျိုးမြေများအတွက် ဆည်ရေကို လွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြကာ စိုက်ပျိုးရေးအတွက် အကျိုးဖြစ်ထွန်းပါသည်။ ကျေးရွာတွင် လယ်ယာမြေ အသင့်တင့်ရှိကြပြီး ကောင်းမွန်ပါသည်။ ဆည်ရေသောက် စိုက်ပျိုးမြေ ဧက(၆၉၄) ခန့်ရှိပြီး၊ မိုးစပါးနှင့် ပဲသီးနှံများကို အဓိကစိုက်ပျိုးသည့် ကျေးရွာတွင် သဘာဝ တွင်းထွက်သယံဇာတများ မရရှိပါ။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင်သာ အလွယ်တကူ ရရှိနိုင်သည်။ စားကျက်မြေ သီးသန့် မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန် တွေ့ရများသော အပင်များသာ ရှိသည်။

(၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

၁၈။ အိမ်ထောင်စုပေါင်း (၁၅၁) စုနှင့် ကျား(၃၃၉) ၊ မ (၃၉၇) လူဦးရေပေါင်း (၇၃၅) ဦး ရှိကာ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅) ဦးစီ ရှိနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေ အားလုံး၏ (၄၇၈) ဦး ရှိပြီး အမျိုးသမီးများမှ အမျိုးသားအရေအတွက်ထက် (၈.၂%) ပိုများသဖြင့် အမျိုးသမီးများ လုပ်ကိုင် နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်ကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အကူ ပြုစေနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

၁၉။ အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် အသင့်တင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၃၇.၁%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု အဆင့်အဖြစ် သတ်မှတ်ကြပြီး၊ (၄၃.၇%)သည်

ချမ်းသာသည့်အဆင့်၊ (၁၉.၂%) သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်သွင်းရေ စိုက်ပျိုးမှုတို့ကြောင့် ကျေးရွာ စီးပွားရေးအနေအထားမှာ အသင့်တင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာ အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံး ဖြစ်ပြီး လက်လုပ် လက်စားများနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၂၃.၂%) ထိရှိကာ ဆင်းရဲ အိမ်ထောင်စုများ ပါဝင်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

၂၀။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ လေးပုံတစ်ပုံခန့် ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေး လုပ်ငန်းများတွင် အဓိက ဝင်ရောက်လုပ်ကိုင်ကြပြီး လက်လီ ဈေးရောင်း စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ (၅၆) စုကို လေ့လာ စမ်းစစ်မှုအရ အိမ်ထောင်စု (၁၀) စုမှာ (၃)လအတွင်း လုပ်အားခ ကြိုယူခြင်း၊ ဆွေမျိုးသားချင်းထံမှ အထောက်အပံ့ယူခြင်းတို့ ရှိကြောင်း တွေ့ရှိရပါသည်။ ချေးငွေ အများစုကို ကျေးရွာသမဝါယမအသင်းနှင့် ကျေးရွာရှိ အများပိုင် ရန်ပုံငွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များ အတွက် အဓိက သုံးစွဲကြပြီး ဝင်ငွေရ အလုပ်အကိုင်များ ပညာရေးတို့အတွက် ဒုတိယအနေထားတွင် သုံးစွဲကြသည်။

၂၁။ ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစု စောင့်ရှောက်မှု နည်းသူများ မရှိပါ။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်း၊ တိဘီရောဂါနှင့် တိရစ္ဆာန် ကူးစပ်ရောဂါများမှာ နိမ့်သည့် အနေအထားတွင် တွေ့ရသည်။ ကျန်အမျိုးအစားများမှာ ထိခိုက်သက်ရောက်မှု မရှိပါ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများအတွက် အုပ်စု အလိုက် သတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှု မရှိကြောင်း တွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

၂၂။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ် အများစုလည်း ကျန်းမာကြသည်။ ကြူတောကျေးရွာ အလကကျောင်းမှ ကျောင်းသူ/သား များကိုလည်း အာဟာရ တိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း အများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များအသင့်အတင့် ရှိကြသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံ ကျန်းမာရေး စောက်ရှောက်မှုများကို (၂) မိုင်အကွာရှိ ကျေးလက် ဆေးပေးခန်းနှင့် (၄၅) မိုင်အကွာရှိ ရွှေဘိုမြို့နယ်ဆေးရုံသို့ သွားလာနိုင်ရန် အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် ကြန့်ကြာမှုများ ရှိပါသည်။

၂၃။ ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာ ရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

၂၄။ ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံ အရေး၊ အဖက်၊ အတွက် တို့ တက်မြောက်ကြပြီး ဘွဲ့ရအရေတွက်မှာ (၉) နှစ်အထက် လူဦးရေ၏ (၈.၆၃%) ကျော် အသင့်အတင့် ရှိပါသည်။ ကျေးရွာရှိ အခြေခံပညာရေးကို မူလတန်း၊ အလယ်တန်း ပညာရေးတို့အတွက် ကျေးရွာရှိ အ.လ.က ကျောင်းတွင် သင်ကြားရပြီး၊ အထက်တန်း ပညာရေးတို့အတွက် ရေဦး အ.ထ.က ကျောင်းသို့ တက်ရောက် သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု လုပ်ငန်းများမှာ နိမ့်ကျဆဲ ဖြစ်သည်။ လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများ သည်လည်း နည်းပါဆဲ ဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၂၅။ ကျေးရွာတွင် ကျား၊ မ ဆိုင်ရာ ဆက်နွယ်မှု အနေထားမှာ ကောင်းမွန်ပါသည် မိသားစု အတွက် ကျား၊ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရွာ၏ သတ်မှတ်ချက်များအတိုင်း ကျင့်သုံး ကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေး နှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှု ရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အား၊ သဘာဝနှင့် လုပ်အားခ လျော့နည်းပြီး အားစိုက်ထုတ်မှုမှာ တူညီမှု ရှိကြသည်။ အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းရကြသည်။

၂၆။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မှု အမျိုးသမီးပါဝင်မှု အသင့်အတင့် ရှိကြသည်။ ကျား၊ မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၂၇။ ကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်း (၅) ဖွဲ့ရှိပါသည်။ ယင်းအဖွဲ့များအနက် သာရေးနာရေး အဖွဲ့သည် ကျေးရွာ၏ လူမှုရေး၊ ကျွေးမွေးရေးစသော အလုပ်များတွင် ပရဟိတအသင်းသူများနှင့် ကျေးရွာမှ

လူကြီးအချို့ ဦးဆောင်ပြီး၊ လူငယ်လူရွယ်များ ပါဝင် ဖွဲ့စည်းက ကျန်းမာရေးနှင့် အခြား လူမှုရေးကိစ္စများ ဆောင်ရွက်လျက် ရှိကြသည်။

၈။ ကျေးရွာတွင် စီးပွားရေး အခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းသည် ငွေစုငွေချေးလုပ်ငန်းနှင့် ကျေးရွာသား အများစုမှာ ပါဝင်ဆောင်ရွက်လျှက် ရှိသည်။

(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

၂၉။ ကျေးရွာတွင် စပါး အဓိကထား စိုက်ပျိုးကြပါသည်။ မိုးစပါးဧက (၄၈၉) ရှိပြီး၊ တစ်ဧက ပျမ်းမျှအထွက်မှာ (၅၅) တင်း ထွက်ရှိကြသည်။ ပဲစိုက်ဧက (၂၀၅) ရှိပြီး ပျမ်းမျှအထွက်မှာ (၁၅) တင်း ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှာ တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေး ဦးစီးဌာနမှ ကမကထပြုပြီး မိုးစပါးစိုက်ပျိုး ထုတ်လုပ်ရေး ဆောင်ရွက်ခြင်း၊ သီးနှံ စံပြစိုက်ကွက်များ၊ နမူနာ စိုက်ပျိုးခြင်းများရှိသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင် အတွက် အလုပ်သမား လုံလောက်စွာ ရရှိနိုင်ပါသည်။ သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမို တွေ့ရပြီး ထိရောက်သော ဖျက်ပိုး နှိမ်နှင်းရေး နည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီ ဆောင်ရွက်ပေးမှုများ ရရှိသည်။

၃၀။ ကျေးရွာတွင် လယ်ထွန်စက် အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ဧက ကာလပေါက်ဈေး ၂၀၀၀၀/- ဝန်းကျင်ပေး ငှားရကာ ငှားရမ်းခဈေးနှုန်းကြီးမှုကို ရင်ဆိုင်ရသည်။ ထို့ကြောင့် ငှားရမ်းခ ဈေးနှုန်းသက်သာစွာ ရရှိငှားရမ်းနိုင်ရေးအတွက် လိုလား နေကြသည်။

၃၁။ ကျေးရွာတွင် ဒေသကြက် မွေးသူများမှာ အိမ်ထောင်စုမှာ (၈၅) စု ရှိသည်။ နွားမွေးသည့် အိမ်ထောင်စုမှာ (၃၅.၈%) ခန့်သာရှိပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း နည်းပါးသည်။ ရာသီအလိုက် ဖြစ်ပွား တတ်သော ရောဂါများမှာ ရံဖန်ရံခါ ကျရောက်တက်သည်။

၃၂။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူသည့် အိမ်ထောင်စု အရေအတွက်နှင့် မွေးမြူသည့် ကောင်ရေတို့ လျော့နည်းလျက်ရှိသည်။

၃၃။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေ အထိုက် အလျောက်ရရှိနိုင်ခြင်း ကူးဆက်ရောဂါ အခါအားလျော်စွာ ကျရောက်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက်ပြီး၊ ဝင်ငွေ ရရှိလိုမှု အားနည်းကြခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်း နည်းပါးသည်။ ကျေးရွာတွင် မွေးမြူရန် ရေ၊ မြေ၊ နေရာ အနေအထား အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားလုပ်ငန်းများ

၃၄။ ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။

၃၅။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးစားအလိုက်၊ တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထား ရှိကြသည်။ ကျေးရွာတွင် စပါးနှင့် ပဲသီးနှံများကို အဓိက စိုက်ပျိုး ကြပြီး ကျေးရွာမှ အလုပ်သမားများ အတွက် အလုပ်အကိုင် အသင့်အတင့် ရရှိကြသည်။ စပါးနှင့် ပဲ ရိတ်သိမ်း ချိန်များတွင် လုပ်အားခကို ဧကအလိုက် သတ်မှတ်ကြပြီး၊ စပါး (၁) ဧက ရိတ်သိမ်းခ ၃၅၀၀၀/- မှ ၄၀၀၀၀/- ကျပ်အထိ၊ ပဲ (၁) ဧက ရိတ်သိမ်းခ ၃၈၀၀၀/- မှ ၄၂၀၀၀/- အထိ ရှိက အလုပ်သမား (၄) ဦး (သို့) (၅) ဦး တစ်ဧကကို တစ်ရက်အတွင်း ပြီးနိုင်သည်။ အလုပ်သမားများ၏ တစ်နေ့ ပျမ်းမျှလုပ်အားခ ၆၀၀၀/- မှ ၉၀၀၀/- ကျပ်အတွင်း ရနိုင်ကြသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့် အလုပ်ရက်ပေါင်းမှာ (၃၀ မှ ၄၀) ခန့် ရှိတတ်သည်။လုပ်အားခ ရရှိမှုမှာ ကျားနှင့် မ အတွက် မတူညီနိုင်ဘဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

၃၆။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး လူ့အရင်းအမြစ်အလားအလာ ကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်ဇာထိုး၊ ပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့ စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကျပြီး ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

၃၇။ ကျေးရွာတွင် စပါး၊ ပဲ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တက်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာ သုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်း လာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ် ကြသဖြင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အသိပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၃၈။ ကျေးရွာတွင်း မြေပြန့်ဒေသဖြစ်သော်လည်း သဖန်းဆိတ်ဆည် ရှိသောကြောင့် ရေကြီး ရေလွှမ်းခြင်းမှ ကင်းဝေးသည်။ အားပျော့သော မုန်တိုင်း ဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ ရတတ် သည်။ အခါအားလျော်စွာ ကျရောက်တက်သော မိုးခေါင်းခြင်း၊ မိုးကြီးခြင်းက သဘာဝ အန္တရာယ် တစ်ရပ် အနေဖြင့် ရှိနေဆဲ ဖြစ်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၃၉။ ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို တစ်လ အတိုးနှုန်း၊ ပြား (၇၀) ၊ တစ်ကော တစ်သိန်းခွဲ ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ကော အတွက် ချေးယူ နိုင်ကြသည်။ကျေးရွာတွင် သမဝါယမမှ ချေးငွေများလည်း ရရှိကြပါသည်။

၄၀။ ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စများအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ၊ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက် အရ အကြွေးပမာဏသည် ကျပ် ၁၀၀၀၀၀/- မှ ၁၀၀၀၀၀၀/- ထိ ရှိကြကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၄၁။ ကျေးရွာတွင် အ.လ.က စာသင်ကျောင်းရှိပါသည်။ ရွာသူ/သားများသည် ကျန်းမာရေးဝန်ဆောင်မှုကို ချောင်းမီးတို တိုက်နယ်ဆေးရုံ သို့ ဆိုင်ကယ်ဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။ အရေးပေါ် ကျန်းမာရေး အခြေအနေတွင် ကျေးရွာနှင့် (၄၅) မိုင်ခန့် ကွာဝေးသည့် ရွှေဘို မြို့နယ်ဆေးရုံ သို့ သွားလာရန် ခက်ခဲပါသည်။ ချောင်းမီးတို ကျေးလက်ဆေးပေးခန်းမှာ လုံလောက်မှု မရှိသဖြင့် အရေးပေါ် လိုအပ်ချက် ရှိပါက အဆင်ပြေစေနိုင်ရန် အဆင့်မြှင့် ဆေးပေးခန်း တစ်ခု ရရှိရန် လိုအပ်ပါသည်။

၄၂။ သောက်ရေအတွက် လက်နှိပ်ရေတုံကင် အသုံးပြုကြပြီး ရေလုံလောက်မှု ရရှိသည်။ ကျေးရွာ၏ သုံးပုံ တစ်ပုံခန့်သာ ယင်လုံအိမ်သာ အသုံးပြုကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားသော ရောဂါများ ဖြစ်ပွားမှု အသင့်အတင့်ရှိပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

၄၃။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိ လူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်မူ မြောင်းတူး၊ လမ်းဖောက် ခြင်း လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများ ရှိသည်။

(ဇ) အခြေခံအဆောက်အဦး၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၄၄။ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သော်လည်း သွားလာရန် အသင့်အတင့် ကောင်းမွန်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ဖြစ်သော်လည်း မြေသားလမ်းကို ကျောက်ခင်းလမ်း အဖြစ် ခင်းပေးရန် ကျေးရွာသားများက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှု မရှိဘဲ လမ်းပန်း

ဆက်သွယ်ရေး အတွက် မော်တော်ဆိုင်ကယ် (၁၂၈) စီးနှင့် စက်ဘီး (၁၄) စီး၊ ထွေလာကျီ (၄) စီး၊ နွားလှည်း (၄၃) စီးနှင့် ကား(၂) စီးတို့ကို အသုံးပြုလျှက် ရှိကြသည်။

၄၅။ ကျေးရွာတွင် လျှပ်စစ်မီး မရှိသဖြင့် ကလေးများ နေမကောင်းသောအခါ ရေခဲနှင့် ထားရမည့် ဆေးများကို ဝယ်ယူထား၍ မရသောကြောင့် ကလေးများ နေမကောင်းသောအခါ အခက်အခဲများ ရှိကြသည်။ ကျောင်းပညာရေး တွင်လည်း တက်နိုင်သော အိမ်ထောင်စုမှ ကလေးများက၊ ဘက်ထီအိုး၊ မီးကပ် နှင့် စာကြည့်ကြပြီး မတတ်နိုင်သော မိဘများက ကလေးများ ဖယောင်းမီး နှင့် ကြည့်သော်လည်း မီးလောင်မှု ဖြစ်ပွားလေ့ ရှိသောကြောင့် ကလေးများ ကို စာမေးပွဲနီးမှ စာကြည့်ခိုင်းသဖြင့် အောင်မြင်မှု

နည်းနေသည်ကို တွေ့ရသည်။

၄၆။ အလုပ်သမားများမှာလည်း ညနေ (၅:၀၀) အလုပ်ကသိမ်း၍ အိမ်ရှင်မများသည် ထမင်းကို အလျင်အမြန်ချက်ရသည်။ မီးသတ်ဌာနမှ ထုတ်ပြန်ထားသည့် (၆:၀၀) ကျော်ရင် မီးဘိုထဲ မီးမရှိ ရသဖြင့် အလျင်အမြန် ချက်ပြုတ်ရသည်။ အလုပ်မနိုင်သော မိသားစုများသည် မနက်မှ ညနေထိ တစ်နေ့လုံးစာ ချုပ်ပြုတ်ထားသော်လည်း နေပူသော နေ့များတွင် သို့၍ စားမရတော့ပေ။ ထို့ကြောင့် လျှပ်စစ်မီး ရရှိရေးကို တစ်ရွာလုံးက လိုလား တောင့်တနေကြပါသည်။

၄၇။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်း များအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်နီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီ ဖြစ်ပြီး၊ လက်ကိုင်ဖုန်းများကို ဆိုလာ မီး အသုံးပြု၍ အားသွန်းနိုင်ပါသည်။

၄၈။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး သတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက် အဦး မရှိသော်လည်း သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖက်ရှုကြပြီး၊ တစ်ရွာလုံး အတိုင်းအတာဖြင့် ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၄၉။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက် ထားသူ မရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့် ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ညောင်လှရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါသည်။

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေမည့် အခြေအနေများ

၅၀။ ချောင်းမီးတိုကျေးရွာတွင် မြေပြန့်ဒေသတွင် တည်ရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေးအရ အသင့်အတင့် ရှိပြီး၊ ပွင့်လင်းရာသီတွင်သာ လွယ်ကူချောမွေ့စွာ သွားလာနိုင် သည်။

၅၁။ ချောင်းမီးတိုကျေးရွာနှင့် အနီးဆုံးစျေးမှာ ညောင်လှစျေးဖြစ်ပြီး၊ ရွှေထည်ပစ္စည်းမှလွဲပြီး အမယ် စုံလင်စွာ ရရှိနိုင်ပေသည်။ အရေးပေါ်လိုအပ်ပါက ရွှေဘိုစျေးသို့ သွားရောက်ဝယ်ယူနိုင်သည်။ လူဦးရေ အားလုံး၏ (၆၅%) မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီး၊ ကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး၊ ကျန်းမာရေး

ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်း မှီနိုင်ကြသည်။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသော ကျန်းမာရေးအခြေအနေတွင် ရွှေဘို ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

၅၂။ ကျေးရွာအတွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေး စံပြစိုက်ကွက်များကို ကျေးရွာတွင် စိုက်ပျိုးထားခြင်းသည်လည်း တောင်သူများ အတွက် ခေတ်မှီ စိုက်ပျိုး နည်းစနစ်များအား အချိန်နှင့် တပြေးညီ ရရှိစေသည်။ သဘာဝ အရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဩဇာ အတော်အသင့်အတင့် ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန် များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ စပါးကို အဓိက စိုက်ပျိုးကြပြီး၊ သဖန်းဆိတ် ဆည်မှ ဆည်ရေကို လုံလောက်စွာ ရရှိနိုင်သောကြောင့် သီးနှံစိုက်ပျိုးမှုအား လွန်စွာ အထောက် အကူ ဖြစ်စေပေသည်။

၅၃။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ လူမှုရေး ပရဟိတအသင်းအဖွဲ့များ ရှိပြီး ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီ ဆောင်ရွက်မှုများ ပြုလုပ်ပေးကြသည့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်ပြီး အသင့်အတင့် ကောင်းပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၅၄။ ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။

(၆) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ

၅၅။ ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်အထည်ဖော်မည့် နည်းလမ်း ဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့ အကောင်ထည် ဖော်မည် ဆိုသည့် သဘောပင် ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကို ရောက်ရှိရန် ငါးနှစ်တာ စီမံချက်လာလအတွင်း ပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင် အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များ ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၅၆။ ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ် အချိန်က ဦးစားပေးအစီအစဉ် ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်း အချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေး စီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့်စနစ်တကျရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝ ဘေးအန္တရာယ်

ဆိုးဆိုးဝါးဝါး မကျပါက ပြောင်းလဲမှု သိသိသာသာ မရှိနိုင်ပဲ နောက်တိုး ဦးစားပေး စီမံကိန်းလုပ်ငန်း အချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ဦးစားပေးစီမံချက်များ

၅၇။ စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ နှင့် အခြား အေဂျင်စီများထံမှ နည်းပညာ အကူအညီ များ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ် ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၅၈။ ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ် သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေး ထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(၇) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

၅၉။ ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်း တို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

၆၀။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(၈) စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၆၁။ ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

၆၂။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စု များ တက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

၉။ နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

၆၃။ စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေး တင်ပြ နိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်း များမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်း မီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

၆၄။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဧယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၇	၁၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၃	၂၉	၅၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၈	၃၀	၆၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၃၁	၆၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၂၃	၂၅၅	၄၇၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၈	၄၃	၆၁
စုစုပေါင်း		**၃၃၉**	**၃၉၇**	**၇၃၅**
စုစုပေါင်း အိမ်ထောင်စု		**၁၅၁**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာတွင် လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များမှာ အိမ်ထောင်စု (၁၅၁)စု ရှိသည့် အနက် နို့စို့အရွယ်ကလေး ကျား(၆)၊ မ(၇) ပေါင်း (၁၃) ဦး၊ ၅ နှစ်အောက် ကလေးငယ် ကျား (၂၃)၊ မ(၂၉) ပေါင်း (၅၂)၊ မူလတန်းကျောင်းသားအရွယ် ကျား(၃၈)၊ မ (၃၀) ပေါင်း (၆၈)ဦး၊ အလယ်တန်းကျောင်းသား အရွယ် ကျား (၃၂)၊ မ (၃၁) ပေါင်း(၆၃)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၂၃)၊ မ(၂၅၅) ပေါင်း(၄၇၈)၊ စုစုပေါင်းလူဦးရေ ကျား(၃၃၉)၊ မ(၃၉၇) ပေါင်း (၇၃၅) ဦးတို့ ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၆	၂၀၈		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃၅	၆၅		မြင့် □ လတ်□ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁၀၅	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း			-	မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ				
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☐
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	လက်လီ- လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၉	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား			၂	

၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၁၅၁	၂၇၃	၁၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်

အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကြူတောကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်ပိုင်အဖြစ် လုပ်ကိုင်ကြသော အိမ်ထောင်စု(၁၁၆)စုမှ လူဦးရေ (၂၀၈)ဦး၊ အလုပ်သမား အိမ်ထောင်စု (၃၅)စုမှ လူဦးရေ (၆၅) ဦးတို့ လုပ်ကိုင်ကြသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို ကိုယ်ပိုင်အဖြစ် လုပ်ကိုင်ကြသော လူဦးရေမှာ (၁၀၅) ဦး၊ ပန်းရံလုပ်ငန်းအတွက် လူဦးရေ (၂) ဦး၊ ပညာရေး လုပ်ငန်းတွင် ဝန်ထမ်းအဖြစ် (၉) ဦး ၊ ပြင်ပအဖွဲ့အစည်းကုမ္ပဏီတွင် ဝန်ထမ်းအဖြစ် (၂) ဦး၊ ယာဉ်နှင့်စက်ကိရိယာ လုပ်ငန်းတို့အတွက် ကိုယ်ပိုင်အဖြစ် (၂) ဦးတို့ လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၄၅၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၅၀၀၀	-	၁၀၀၀၀	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ကြူတောကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ လယ်ယာစိုက်ပျိုးရေးအတွက် လုပ်အားခမှာ ကျားအတွက် နေ့စား အများဆုံး(၆၀၀၀)ကျပ် နှင့်အနည်းဆုံး(၃၀၀၀)ကျပ်၊ မအတွက်

နေ့စားအများဆုံး (၅၀၀၀)ကျပ်နှင့် အနည်းဆုံး (၂၅၀၀) ကျပ် ရရှိပါသည်။ လက်သမား၊ ပန်းရံလုပ်ငန်း လုပ်ကိုင်ကြသည့် လုပ်အားခမှာ ကျားအတွက် နေ့စား အများဆုံး (၇၀၀၀)ကျပ်နှင့် အနည်းဆုံး (၄၅၀၀) ကျပ်၊ မအတွက် နေ့စားအများဆုံး (၆၀၀၀)ကျပ်နှင့် အနည်းဆုံး (၃၀၀၀)ကျပ် ရရှိပါသည်။ ယာဉ်၊စက်ကိရိယာလုပ်ငန်းအတွက် ကျားအတွက် နေ့စားအများဆုံး(၁၅၀၀၀) ကျပ်နှင့် အနည်းဆုံး(၁၀၀၀၀)ကျပ် ရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၈၉	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၀၅	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၆၉၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃)

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကြူတောကျေးရွာတွင် လယ်မြေဧက(၄၈၉)ဧကာ၊ ယာမြေဧကာ (၂၀၅) ဧကနှင့် ဥယျာဉ်ခြံမြေ (၁)ဧကာ တို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့်☐	နည်း ☐	မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့်☐	နည်း ☐	မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☐	☒

လေ့လာတွေ့ရှိချက်။ ကြူတောကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ သဲများ လွယ်ကူစွာ ရရှိနိုင်ပါသည်။ ကျေးရွာအနီးရှိ မူးမြစ်မှ ရရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧက အထက်	၂.၅ဧကမှ၅ဧကထိ	၂.၅ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	RC/နံကပ်	ထရံကာသွပ်မိုး၊အုတ်ခုံခံ	ထရံကာသွပ်မိုး	ထရံကာသွပ်မိုး၊မြေစိုက်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက် (၁)လုံး၊ လက်တွန်းထွန်စက်(၁၀) လုံး၊ ချေ့လှေ့စက်(၁)လုံး	လက်တွန်းထွန်စက် (၁၄)လုံး၊ ရေစုပ်စက် (၂၇)လုံး	-	-
အဓိကစီးပွားရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျပန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
လုပ်ငန်း				
အိမ်ထောင်စု	၆၆	၂၉	၂၁	၃၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ကြူတောကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ အဆင်ပြေသောအိမ်ထောင်စုမှာ (၆၆)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၂၉)စု၊ မပြေလည်သောအိမ်ထောင်စုမှာ (၂၁)စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာ (၃၅) စုတို့ဖြစ်ပြီး စုစုပေါင်း အိမ်ထောင်စု(၁၀၁)စုတို့ ဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကြူတောကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ ဆင်းရဲသောအိမ်ထောင်စု (၁၀)စုမှာ ဝမ်းစာဖူလုံမှုအတွက် (၃)လ အောက်တွင် ချေးယူသုံးစွဲနေရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၄	၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို ၆၄ နှစ်ထက် ကျား(၁)ဦး၊ မ(၆) ဦး၊ အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၅)စုနှင့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု (၃)စု တို့ လေ့လာတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကြူတောကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု တို့မှာ ထိခိုက်လွယ်မှု နိမ့်ပါသည်။ ကျန်ထိခိုက်လွယ်မှု အမျိုးအစားမှာ ထိခိုက်လွယ်မှု မရှိကြပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
